ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် (၂၂ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်

## မာတိကာစဉ်


၁။ အသက် ၁၆ နှစ်အောက် ဆိုရှယ်မီဒီယာအသုံးပြုမှုအပေါ် အိုဟိုင်းယိုးပြည်နယ်၏ ကန့်သတ်ချက်များကို အမေရိကန် အယူခံတရားရုံးက ပြန်လည်အတည်ပြုပြဋ္ဌာန်း ၂ - ၄

၂။ UK နိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာ(AI)အသုံးပြု၍ လူ၏မျက်နှာဖြင့် အသက်ခန့်မှန်းခြင်းဆိုင်ရာ ဥပဒေမူဘောင်အသစ်ဆွေးနွေးမှုအကြောင်း ၅ - ၇

၃။ AI သည် အဓိကဆိုက်ဘာလုံခြုံရေးအန္တရာယ်ဖြစ်လာသဖြင့် “အရေးယူဆောင်ရွက်ရန်” Five Eyes အဖွဲ့က တိုက်တွန်းခြင်း ၈ - ၁၀

၄။ VPN အကြောင်း သိကောင်းစရာ ၁၁- ၁၂

## အသက် ၁၆ နှစ်အောက် ဆိုရှယ်မီဒီယာအသုံးပြုမှုအပေါ် အိုဟိုင်းယိုးပြည်နယ်၏ ကန့်သတ်ချက်များကို အမေရိကန် အယူခံတရားရုံးက ပြန်လည်အတည်ပြုပြဋ္ဌာန်း

ယနေ့ခေတ်တွင် ကလေးသူငယ်များ၏ လုံခြုံရေးနှင့်စိတ်ကျန်းမာရေးကို ကာကွယ်ရန် အတွက် နည်းပညာကုမ္ပဏီကြီးများကို ဥပဒေကြောင်းအရ ထိန်းကျောင်းမှုများသည် ကမ္ဘာလုံးဆိုင်ရာ အလေးထားဆောင်ရွက်ရမည့်အရာတစ်ခု ဖြစ်လာသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း ကလေး သူငယ်များ ဆိုရှယ်မီဒီယာကို အလွန်အကျွံသုံးစွဲမှု၊ အွန်လိုင်းလုံခြုံရေးနှင့် စိတ်ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများရှိနေစဉ် အမေရိကန်၊ အိုဟိုင်းယိုးပြည်နယ်၌ အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ၏ “ဆိုရှယ်မီဒီယာအသုံးပြုမှုနှင့်စပ်လျဉ်း၍ မိဘအုပ်ထိန်းသူထံ အကြောင်းကြား ချက်အက်ဥပဒေ"အား တရားရုံးက ပြန်လည်အတည်ပြုလိုက်သည့်သတင်းသည် မြန်မာ့နည်းပညာ နှင့် လူမှုပတ်ဝန်းကျင်အတွက် လေ့လာစရာဖြစ်လာပါသည်။ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု မြန်ဆန် လျက်ရှိသည့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ကလေးသူငယ်များ၏ အွန်လိုင်းလုံခြုံရေးနှင့် စိတ်ကျန်းမာရေး အတွက် ထိန်းကျောင်းမှုစနစ်များ လိုအပ်ပါသည်။အမေရိကန် အိုဟိုင်းယိုးပြည်နယ်၏"အသက် ၁၆ နှစ်အောက် ဆိုရှယ်မီဒီယာအသုံးပြုမှုနှင့်စပ်လျဉ်း၍ မိဘအုပ်ထိန်းသူထံ အကြောင်းကြားချက်အက် ဥပဒေ"ကို အယူခံတရားရုံးက ပြန်လည်အတည်ပြုလိုက်သည့်ဥပဒေသည် နည်းပညာကုမ္ပဏီကြီးများ ၏ လုပ်ဆောင်ချက်ကို ကျော်ဖြတ်၍ ကလေးသူငယ်များကို ကာကွယ်ရန် တရားရုံးက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပြီး မြန်မာနိုင်ငံအတွက် သင်ခန်းစာရယူလေ့လာစရာ ဖြစ်လာနိုင်ပါသည်။

အမေရိကန် ဆဋ္ဌမပတ် အယူခံတရားရုံးက အသက် ၁၆ နှစ်အောက် အရွယ်မရောက်သေး သူများ ဆိုရှယ်မီဒီယာအသုံးပြုမှုအပေါ် ကန့်သတ်ပိတ်ပင်ထားသည့် အိုဟိုင်းယိုးပြည်နယ်၏ ဥပဒေ အား ၂မဲ ၁မဲ ရလဒ်ဖြင့် ပြီးခဲ့သည့် ကြာသပတေးနေ့က ပြန်လည်အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။

အဆိုပါကန့်သတ်ချက်များသည် အိုဟိုင်းယိုးပြည်နယ်၏ "ဆိုရှယ်မီဒီယာအသုံးပြုမှုနှင့်စပ်လျဉ်း ၍ မိဘအုပ်ထိန်းသူထံ အကြောင်းကြားချက်အက်ဥပဒေ" (Social Media Parental Notification

Act - SMPNA)၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။အဆိုပါဥပဒေအရ ဆိုရှယ်မီဒီယာနှင့် ဂိမ်းကုမ္ပဏီများသည် အသက် ၁၆ နှစ်အောက် ကလေးငယ်များအား ၎င်းတို့၏ Applications များ အသုံးပြုခွင့်မပြုမီ မိဘများထံမှ အတည်ပြုနိုင်သော သဘောတူညီချက်ကို ရေးသားရယူရမည်ဖြစ်သည်။ယင်းသဘောတူညီချက်၊ လိုအပ်ချက်များသည် ကလေးသူငယ်များကိုယ်တိုင် အတုအပပြုလုပ်ရန် သို့မဟုတ်ဖန်တီးရန် ခက်ခဲသောစနစ်များ ဖြစ်သည်။

အိုဟိုင်းယိုးပြည်နယ်သည် SMPNA ဥပဒေကို ၂၀၂၃ ခုနှစ်တွင် အတည်ပြုခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရန် သတ်မှတ်ခဲ့သော်လည်း Meta၊ TikTok၊ Snapchatနှင့် Amazon အပါအဝင် နည်းပညာကုမ္ပဏီများကို ကိုယ်စားပြုသည့် စက်မှုလုပ်ငန်းကုန်သွယ်ရေးအဖွဲ့ဖြစ်သော NetChoice က ဥပဒေပယ်ဖျက်ပေးရန် တရားစွဲဆိုခဲ့သဖြင့် ဥပဒေပြဋ္ဌာန်းမှု ယာယီရပ်ဆိုင်းခဲ့ရသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ဧပြီလတွင် အိုဟိုင်းယိုးတောင်ပိုင်းခရိုင် အမေရိကန်ခရိုင်တရားရုံးက ယင်းဥပဒေသည် အရွယ်မရောက်သေးသူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမပြင်ဆင်ချက်ပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ချောက်ချားစေသည်ဟုဆိုကာ NetChoice ကို အနိုင်ပေးခဲ့ပြီး ပြည်နယ်အစိုးရအား ဥပဒေပြဋ္ဌာန်းခြင်းမပြုရန် အမြဲတမ်းတားမြစ်ချက် ထုတ်ပြန်ခဲ့သဖြင့် ပြည်နယ်အစိုးရက ထပ်မံအယူခံဝင်ခဲ့ခြင်းဖြစ်သည်။

ယခု အယူခံတရားရုံးအဆင့်တွင် အက်ဥပဒေသည် အကြောင်းအရာအပေါ် အခြေခံသည့်ကန့်သတ်ချက်ဖြစ်ကြောင်း တရားသူကြီးအများစုက လက်ခံခဲ့ကြသည်။လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ ကန့်သတ်ချက်များဖြစ်သော ညစ်ညမ်းမှု၊ လှုံ့ဆော်မှုနှင့် ရန်လိုသောစကားလုံးများစသည်များနှင့် အကျုံးမဝင်သဖြင့် ဤအမှုကို "တင်းကျပ်သော စိစစ်သုံးသပ်မှု"(Strict Scrutiny)ဖြင့် ပြန်လည်သုံးသပ်ခဲ့သည်။

ဆိုရှယ်မီဒီယာများကြောင့် ကလေးသူငယ်များ ထိခိုက်နစ်နာနိုင်ခြေအပေါ် စိုးရိမ်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် ဥပဒေပြုရေးနှင့်တရားစွဲဆိုမှုများ တိုးပွားလျက်ရှိသည်။UKဝန်ကြီးချုပ် ကီးရ်စတာမာ (Keir Starmer)က အသက် ၁၆နှစ်အောက် လူငယ်များအတွက် ဆိုရှယ်မီဒီယာပိတ်ပင်မှုကို ၂၀၂၇

ခုနှစ် နွေဦးရာသီတွင် စတင်သက်ရောက်မည်ဟု ယခုလအစောပိုင်းက ကြေညာခဲ့သည်။ထို့ပြင် ၂၀၂၆ ခုနှစ်၊ မေလတွင် Kentucky အရှေ့ပိုင်း Breathitt ခရိုင် ကျောင်းဘုတ်အဖွဲ့သည် ကျောင်းသားများ၏ စိတ်ကျန်းမာရေးထိခိုက်မှုအတွက် Metaကုမ္ပဏီနှင့် တရားစွဲဆိုမှုကိုကျေအေးခဲ့သည်။ သို့သော်လည်း NetChoice အဖွဲ့သည် အလားတူဥပဒေမျိုး ပြဋ္ဌာန်းရန်ကြိုးပမ်းသည့် အာကန်ဆော၊ လူဝီစီယားနားနှင့် ဂျော်ဂျီယာပြည်နယ်များရှိ ဥပဒေရေးရာတိုက်ပွဲများတွင်မူ အနိုင်ရရှိခဲ့ပါသည်။လက်ရှိတွင် ဩစတြေးလျ နိုင်ငံ၌လည်း အသက် ၁၆ နှစ်အောက် ကလေးငယ်များ လူမှုမီဒီယာအသုံးပြုခွင့်ကို လုံးဝပိတ်ပင်ထားကြောင်း သိရသည်။

ခြုံငုံသုံးသပ်ရလျှင် အမေရိကန်အယူခံတရားရုံး၏ ယခုဆုံးဖြတ်ချက်သည် ကလေးသူငယ်များကို ဆိုရှယ်မီဒီယာအန္တရာယ်မှ ကာကွယ်ရန်အတွက် အက်ဥပဒေထုတ်ပြန်၍ မိဘတွေကို ထိရောက်စွာ ပါဝင်စေခြင်းဖြစ်ပြီး သက်တမ်းအလိုက် ပြောဆိုခွင့်ကို ပိတ်ပင်သည့် ဆင်ဆာဖြတ်တောက်မှု မဟုတ်သည့်အတွက် ဥပဒေအရ မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ကလေးသူငယ်များ၏ အွန်လိုင်းဘေးကင်းလုံခြုံရေး၊ စိတ်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာ နိုင်ငံတကာ၏ထိန်းကျောင်းမှုများသည် အနာဂတ်တွင် မြန်မာ့လူ့အဖွဲ့အစည်း၏ ကလေးသူငယ်အခွင့်အရေးနှင့် အွန်လိုင်းမူဝါဒများချမှတ်ရာ၌ လွန်စွာအဖိုးတန်သော အလေ့အထနှင့် စံနမူနာကောင်းများအဖြစ် လေ့လာအတုယူရမည် ဖြစ်ပါသည်။

ကြီးကြပ်စီမံရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

JURIST - US federal appeals court restores Ohio social media restrictions for minors under 16

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၂ )    ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်

## UK နိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာ (AI) အသုံးပြု၍ လူ၏မျက်နှာဖြင့် အသက်ခန့်မှန်းခြင်းဆိုင်ရာ ဥပဒေမူဘောင်အသစ် ဆွေးနွေးမှုအကြောင်း

UK နိုင်ငံတွင် ဉာဏ်ရည်တု နည်းပညာအသုံးပြု၍ လူ၏မျက်နှာဖြင့် အသက်ခန့်မှန်းခြင်းဆိုင်ရာ ဥပဒေမူဘောင်အသစ်တစ်ရပ်နှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်၍ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ပါသည်။

UK နိုင်ငံတွင် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း၌ လူ၏မျက်နှာဖြင့် အသိအမှတ်ပြုခြင်းဆိုင်ရာနည်းပညာကို အသုံးပြု၍ မုဒိမ်းမှု၊ ဓားဖြင့်ကျူးလွန်သော ရာဇဝတ်မှု၊ အိမ်တွင်းအကြမ်းဖက်မှု စသည့် အမှုများအပါအဝင် ပြစ်မှုပေါင်း ၉၆၂ ခုကို ဖမ်းဆီးရမိခဲ့ပါသည်။အဆိုပါနည်းပညာကို အသုံးပြုခြင်းက လမ်းသွားလမ်းလာသူများကို လုံခြုံမှုရှိရေးဆိုင်ရာ အစိုးရ၏မူဝါဒကို များစွာအထောက်အကူပြုသည်ကို တွေ့ရှိရသော်လည်း ဥပဒေဆိုင်ရာတရားဝင်မှုရရှိရန် လိုအပ်နေဆဲဖြစ်သည်ဟု တရားဥပဒေစိုးမိုးရေးနှင့် ပြစ်မှုတားဆီးရေးဆိုင်ရာဝန်ကြီး(Minister for Policing and Crime Prevention)က ပြောကြားခဲ့ပါသည်။

လူ၏မျက်နှာဖြင့် အသိအမှတ်ပြုခြင်းဆိုင်ရာနည်းပညာသည် ပြည်သူလူထု၏ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုတို့ဖြင့် ရှုပ်ထွေးမှုရှိနိုင်သဖြင့် ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် လိုအပ်ကြောင်း UK အစိုးရက ကတိကဝတ်ပြုမှုမှစတင်၍ လူ၏မျက်နှာဖြင့် အသက်ခန့်မှန်းခြင်းဆိုင်ရာ ဉာဏ်ရည်တုနည်းပညာအသုံးပြုမှု ဥပဒေမူဘောင်(legal framework)အသစ်တစ်ရပ် ဆွေးနွေးမှုပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဥပဒေဆိုင်ရာမူဘောင်အသစ်ကို ပွင့်လင်းမြင်သာပြီး လက်လှမ်းမီမှုရှိရန်၊ ဥပဒေအကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ၏လုပ်ပိုင်ခွင့်ကို ကန့်သတ်နိုင်ရန်၊ စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့် ကိုက်ညီမှုရှိစေရေးအတွက် စစ်ဆေးသူများအား သတ်မှတ်ရန်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ဥပဒေအကောင်အထည်ဖော်သော

အဖွဲ့အစည်းသည် လူ၏မျက်နှာဖြင့် အသိအမှတ်ပြုခြင်းဆိုင်ရာ နည်းပညာနှင့် အလားတူနည်းပညာများကို ၂၀၁၈ အချက်အလက်ကာကွယ်ရေးအက်ဥပဒေ (Data protection Act 2018)ပါ ရည်ရွယ်ချက်များဖြစ်သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ တားဆီးရေး၊ စုံစမ်းစစ်ဆေးရေး၊ ထိန်းသိမ်းရေး၊ တရားစွဲဆိုရေး၊ ပြစ်ဒဏ်များကို စီမံခန့်ခွဲရေး၊ ပြည်သူ့လုံခြုံမှုကို ခြိမ်းခြောက်ခြင်းနှင့် ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် ဆောင်ရွက်ခဲ့ပါသည်။

UK နိုင်ငံတွင် နည်းပညာအသုံးပြုမှုကို the Data Protection Act 2018, Human Rights Act 1998, Equality Act 2010 နှင့် the Police and Criminal Evidence Act 1984 တို့ဖြင့် လွှမ်းမိုးနိုင်မည်ဖြစ်ပါသော်လည်း လူ၏မျက်နှာဖြင့် အသိအမှတ်ပြုခြင်းဆိုင်ရာနည်းပညာနှင့် အလားတူနည်းပညာအသုံးပြုမှုအတွက် သီးခြားဥပဒေ မရှိသည့်အတွက် ဥပဒေမူဘောင်အသစ်ပြုရန် လိုအပ်ခြင်း ရှိ မရှိ ဆွေးနွေးခြင်း ဖြစ်ပါသည်။

၂၀၂၇ ခုနှစ်တွင် UK ၏ ပြည်ထဲရေးရုံး (Home Office)သည် နိုင်ငံရေးခိုလှုံမှုတောင်းခံသူများ၏ မျက်နှာကို AI နည်းပညာကိုအသုံးပြု၍ အသက်ခန့်မှန်းမှုကို စတင်အသုံးပြုရန် စီစဉ်ထားကြောင်း တွေ့ရှိရပါသည်။

မျက်နှာအသက်အရွယ်ခန့်မှန်းခြင်းပြုလုပ်ရာတွင် AI စနစ်ထဲသို့ ဓာတ်ပုံတစ်ပုံကို ထည့်သွင်းပြီး အသေးစိတ်ပုံစံများကို မှတ်ယူခြင်းနှင့် အသက်အရွယ်ကိုသိရှိပြီးသောလူများ၏ ဓာတ်ပုံသန်းပေါင်းများစွာဖြင့် စမ်းသပ်လေ့ကျင့်ခြင်းများ ပြုလုပ်ထားခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ AI စနစ်သည် လူ့၏မျက်နှာရှိပုံစံများကို အသက်အရွယ်အပိုင်းအခြားများနှင့် ဆက်စပ်၍ အသက်အရွယ်ကို မှတ်ယူလာနိုင်မည်ဖြစ်ပါသည်။ AI နည်းပညာသည် တစ်စုံတစ်ယောက်၏မျက်နှာကို ရှိပြီးသား အချက်အလက်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်အသက်အရွယ် ဖြစ်ကြောင်း စသည်တို့ကို ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။သို့သော် အဆိုပါစနစ်သည် တိကျသောအဖြေကို မထုတ်ပေးနိုင်ဘဲ “ထိုသူသည် အသက် ၁၈ နှစ် ဖြစ်နိုင်သည်၊ ၁၇ နှစ်မှ ၂၁ နှစ်အကြား ဖြစ်နိုင်ခြေအရှိဆုံး”ဖြစ်သည်ဆိုသည့် ဖြစ်နိုင်ခြေကိုသာ ထုတ်ပေးနိုင်ကြောင်းတွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၂၂ )    ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်

သို့ဖြစ်ပါ၍ UK နိုင်ငံတွင် ဉာဏ်ရည်တုနည်းပညာ(AI)အသုံးပြု၍ လူ၏မျက်နှာဖြင့် အသက်ခန့်မှန်းခြင်းဆိုင်ရာ ဥပဒေမူဘောင်အသစ် ချမှတ်ရန်လိုအပ်ခြင်း ရှိ မရှိနှင့် အားကိုးအားထားပြုထိုက်သော နည်းပညာတစ်ရပ်ဖြစ်ခြင်း မဖြစ်ခြင်းတို့သည် ဥပဒေတစ်ရပ်ရေးဆွဲချိန်၌ စဉ်းစားရမည့်အချက်များဖြစ်သကဲ့သို့ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိသည်လည်း ထည့်သွင်းစဉ်းစားရမည့်အချက်များဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**

- https://www.lboro.ac.uk/media-centre/press-releases/2026/june/home-office-ai-estimate-asylum-seekers-age/
- https://www.gov.uk/government/consultations/legal-framework-for-using-facial-recognition-in-law-enforcement/options-assessment-consultation-on-a-new-legal-framework-for-law-enforcement-use-of-biometrics-facial-recognition-and-similar-technologies
- https://techxplore.com/news/2026-06-uk-home-office-ai-age.html
- https://assets.publishing.service.gov.uk/media/69318bb2cdec734f4dff4257/PDF_Consultation_FINAL.pdf.
- https://ico.org.uk/about-the-ico/consultations/2026/02/home-office-consultation-on-a-new-legal-framework-for-law-enforcement/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၂၂ ) ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်

## AI သည် အဓိက ဆိုက်ဘာလုံခြုံရေးအန္တရာယ်ဖြစ်လာသဖြင့် "အရေးယူဆောင်ရွက်ရန်" Five Eyes အဖွဲ့က တိုက်တွန်းခြင်း

ကနေဒါနှင့် ၎င်းပါဝင်သည့် Five Eyes(အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ပါဝင်သော နိုင်ငံတကာထောက်လှမ်းရေးနှင့် သတင်းအချက်အလက်မျှဝေရေး မဟာမိတ်အဖွဲ့) မဟာမိတ်နိုင်ငံများ၏ဆိုက်ဘာလုံခြုံရေးအေဂျင်စီများက AI သည် တိုက်ခိုက်သူများအား အားနည်းချက်များကို အရှိန်အဟုန်ဖြင့်အသုံးချစေနိုင်ပြီး ဆိုက်ဘာလုံခြုံရေးအန္တရာယ်ကို လျင်မြန်စွာဖြစ်ပေါ်စေသဖြင့် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံး ပါဝင်အရေးယူဆောင်ရွက်ကြရန် တိုက်တွန်းချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် Artificial Intelligence(AI)သည် ဆိုက်ဘာအန္တရာယ်များကို လျင်မြန်စွာ ပြောင်းလဲစေလျက်ရှိပြီး တိုက်ခိုက်သူများက စနစ်အတွင်းရှိ လုံခြုံရေးအားနည်းချက်များကို ယခင်ထက် ပိုမိုမြန်ဆန်စွာ အမြတ်ထုတ်အသုံးချလာနိုင်ကြောင်း သတိပေးထားသည်။တစ်ချိန်တည်းတွင်ပင် ပူးတွဲပါရှိသော အကြံပြုချက်၌ AI သည် ဆိုက်ဘာကာကွယ်ရေးကို အားကောင်းစေရန် အလွန်ထိရောက်သော ကိရိယာများပေးနိုင်ကြောင်း ဖော်ပြထားပြီး အဖွဲ့အစည်းများအနေဖြင့် AIကို မိမိတို့၏ အဓိကစီးပွားရေးမဟာဗျူဟာများတွင် ချိတ်ဆက်အသုံးပြုရန် တိုက်တွန်းထားသည်။

"AI သည် အချိန်ကြာလာသည်နှင့်အမျှ ဆိုက်ဘာကာကွယ်ရေးကို ပိုမိုကောင်းမွန်စေမည်ဖြစ်သော်လည်း ဆိုက်ဘာခြိမ်းခြောက်မှုများ၏မြန်နှုန်း၊ အတိုင်းအတာနှင့် ရှုပ်ထွေးမှုကို ပိုမိုမြင့်တက်စေသည်"ဟု ကနေဒါဆိုက်ဘာလုံခြုံရေးဗဟိုဌာန(Canadian Centre for Cyber Security)နှင့် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် နယူးဇီလန်ရှိ မိတ်ဖက်အဖွဲ့အစည်းများက ပြောကြားခဲ့သည်။

အကြံပြုချက်တွင် AI မော်ဒယ်များသည် ပိုမိုလျင်မြန်စွာဖြင့် လူသားများ မသိရှိသေးသော လုံခြုံရေးအားနည်းချက်များကို ရှာဖွေပြီး အမြတ်ထုတ်အသုံးချလာနိုင်သဖြင့် ဆိုက်ဘာအန္တရာယ်ကို နည်းပညာပိုင်းဆိုင်ရာ ပြဿနာတစ်ခုတည်းအဖြစ် မသတ်မှတ်နိုင်ကြောင်း၊ လုံခြုံရေးထိန်းချုပ်မှုများ

ရှိရုံဖြင့် မလုံလောက်ဘဲ ဆိုက်ဘာတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် လုံခြုံရေးထိန်းချုပ်မှုများ အမှန်တကယ် အလုပ်လုပ်နိုင်မည်ဟု ခေါင်းဆောင်များက ယုံကြည်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကဏ္ဍအားလုံးရှိ အဖွဲ့အစည်းများသည် စနစ်သို့ ဝင်ရောက်ခွင့်ကို အကန့်အသတ်ထားရန်၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားမှုနှင့် အရေးပေါ်ပြင်ဆင်မှုများတွင် ရင်းနှီးမြှုပ်နှံရန်၊ လုံခြုံရေးစနစ်ကို မြှင့်တင်ရန်၊ အားနည်းချက်များကို ပြင်ဆင်သည့်လုပ်ငန်းစဉ်များအား မြန်ဆန်စေရန်နှင့် အသိအမှတ်ပြုစနစ်များကို အသုံးပြုရန် တိုက်တွန်းထားသည်။

AI မော်ဒယ်များကို အသုံးပြု၍ လုံခြုံရေးအားနည်းချက်များကို ရှာဖွေတွေ့ရှိနိုင်သဖြင့် လုံခြုံရေးချိုးဖောက်မှုများ မလွှဲမသွေဖြစ်ပေါ်လာမည်ဟု ဆိုက်ဘာအေဂျင်စီများက အသိအမှတ်ပြုထားပြီး AI ကို အကျိုးရှိစွာအသုံးချလျှင် အားနည်းချက်များကို မြန်ဆန်စွာရှာဖွေနိုင်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများကို ပိုမိုမြန်ဆန်စွာတုံ့ပြန်နိုင်ခြင်း၊ ပုံမှန်မဟုတ်သော လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်ခြင်း၊ ကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်းစသည့် ကောင်းကျိုးများကို ရရှိနိုင်ကြောင်း ဖော်ပြထားသည်။

အချိန်မီ လျင်မြန်စွာအရေးယူဆောင်ရွက်ခြင်းဖြင့် အဖွဲ့အစည်းများသည် လုပ်ငန်းလည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ပြီး ဈေးကွက်လုံခြုံမှုကို ထိန်းသိမ်းနိုင်မည်ဟု အေဂျင်စီများက ပြောကြားထားပါသည်။

ဤထုတ်ပြန်ချက်သည် ကနေဒါအစိုးရက ထုတ်ပြန်ခဲ့သော AI မဟာဗျူဟာအသစ်နှင့် ကိုက်ညီမှုရှိပြီး ထိုမဟာဗျူဟာတွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများ၌ AIအသုံးပြုမှုကို အဓိကထားသည့် ရည်မှန်းချက်များအနက် "ကနေဒါနိုင်ငံသားများနှင့် ဒီမိုကရေစီကို ကာကွယ်ခြင်း" ခေါင်းစဉ်အောက်တွင် ဆိုက်ဘာကာကွယ်ရေးနှင့် ဒေတာလုံခြုံရေးအတွက် AI နည်းပညာကို သုတေသနပြုခြင်းနှင့် လက်တွေ့အသုံးချခြင်းများကို အရှိန်မြှင့်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါသည်။

ထို့ပြင် AI ကို အခြေခံသော ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ တိုက်ခိုက်မှုများကို ကာကွယ်ရန်အတွက် AI နည်းပညာဖွံ့ဖြိုးရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟုလည်း ကတိကဝတ်ပြုထားပါသည်။

AI သည် ဆိုက်ဘာတိုက်ခိုက်မှုများကို ပိုမိုအန္တရာယ်ကြီးမားစေသော်လည်း AI ကို မှန်ကန်စွာ အသုံးပြုပါက ဆိုက်ဘာလုံခြုံရေးကို ပိုမိုအားကောင်းစေနိုင်ပါသည်။

အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://globalnews.ca/news/11936623/ai-cybersecurity-five-eyes-warning/

## VPN အကြောင်း သိကောင်းစရာ

VPN (Virtual Private Network)သည် အင်တာနက်အသုံးပြုရာတွင် လုံခြုံသော ဥမင်လိုဏ်ခေါင်း (Encrypted Tunnel) ဖန်တီးပေးသောနည်းပညာဖြစ်ပါသည်။ VPN အသုံးပြုခြင်းဖြင့် ကိုယ်ရေးလုံခြုံမှု(Privacy)ရှိစေခြင်း၊ ပေးပို့လက်ခံသည့် အချက်အလက်များကို (Code)ဝှက်ပေးခြင်းဖြင့် (Encryption)ဟက်ကာများ သို့မဟုတ် တတိယလူများ ကြားဖြတ်ဖတ်ရှု၍ မရအောင်ကာကွယ်ပေးခြင်း၊ အသုံးပြုနေသည့်နေရာဒေသ(IP လိပ်စာ)ဖုံးကွယ်ထားနိုင်သည့် (Hiding IP)ဖြင့် အခြားနိုင်ငံ/ဒေသတစ်ခုခုရှိ ဆာဗာတစ်ခုမှတစ်ဆင့် အင်တာနက်ကို ဖြတ်သန်းသွားစေခြင်း၊ ပိတ်ပင်ထားသော Websiteနှင့် Appများကို ဝင်ရောက်နိုင်ခြင်းနှင့် အများပြည်သူသုံး Wi-Fi (Public Wi-Fi) တွင် အချက်အလက်များ ခိုးယူမခံရအောင် ကာကွယ်ပေးနိုင်ခြင်းတို့ကြောင့် အသုံးပြုမှုများပြားနေသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ (၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁) ဆက်သွယ်ရေးဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ရာတွင် VPN(Virtual Private Network)နှင့် ပတ်သက်၍ ထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်း မရှိဘဲ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၂၅) ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းရာတွင် VPN(Virtual Private Network)နှင့်စပ်လျဉ်း၍ ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဆိုက်ဘာလုံခြုံရေးဥပဒေ ပုဒ်မ ၄(န)တွင် ကွန်ရက်ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်ရေးနည်းပညာဖြင့် အချင်းချင်း အပြန်အလှန်ချိတ်ဆက်အသုံးပြုရန် ပြုလုပ်ထားသော ချိတ်ဆက်မှုအစုအဝေးကို ဆိုသည်ဟုလည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ၄(ပ)တွင် VPN(Virtual Private Network)ဆိုသည်မှာ ကွန်ရက်တစ်ခုနှင့်တစ်ခုချိတ်ဆက်ရာတွင် လုံခြုံမှုရှိစေရန် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ မူလကွန်ရက်

အတွင်း ထပ်ပိုးကွန်ရက်အဖြစ် သီးသန့်ထူထောင်ထားသည့် စနစ်ကို ဆိုသည်ဟု လည်းကောင်း အဓိပ္ပာယ်ဖော်ပြထားပါသည်။

ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၇၀(က)အရ မည်သူမဆို သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ရယူခြင်းမရှိဘဲ ဗီပီအန်(VPN)ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်(VPN)ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၇၀(ခ) အရ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက် မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။

ဖော်ပြပါပြဋ္ဌာန်းချက်များအရ လက်ကိုင်ဖုန်း၊ ကွန်ပျူတာစသည့် ပစ္စည်းများနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီများအနေဖြင့် သတိပြုဆင်ခြင်ရန်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

- ဆိုက်ဘာလုံခြုံရေးဥပဒေ
- အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ
- ဆက်သွယ်ရေးဥပဒေ

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

